လ

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာနနာယက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တဝေပုလ္လ

ဆရာတော်ကြီး ရေးသားချီးမြှင့်တော်မူသည့်

ဂဏ္ဍာသယဝနသိဒ္ဓိ

# ငွေလာဘ်ခေါ်ယတြာအာစီအရင်

(လ)

ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက်
ပဓာနနာယက

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
**ဘဒ္ဒန္တဝေပုလ္လဆရာတော်**

ရေးသားစီရင်အပ်သော

# ဣဋ္ဌာသယနေ့သိဒ္ဓိ
# ငွေလာဘ်ခေါ်
# ယတြာအစီအရင်

# ဣန္ဒာသယနေသိဒ္ဓိ ငွေလာဘ်ခေါ်ယတြာ

- စက္ကူအဖြူပိုင်းတွင်

(က) ငွေရှင်လာပါစေ။

(ခ) ငွေရေးကြေးရေး ပြေလည်လာပါစေ။

(ဂ) အကြွေးငွေများ ပြန်လည်ရရှိလာပါစေ။

(ဃ) လက်လွှန်ထားသောငွေများအမြန်ပြန်ရပါစေ။

(င) ငွေကြေးလာဘ်လာဘ အထူးဝင်လာပါစေ။

ဤအတိုင်းအလိုရှိရာကိုရေးပါ။

(က)မှစ၍ (င) အထိ အပြည့်အစုံရေးလည်း ရေးနိုင်ပါသည်။

ပြီးလျှင် ၎င်းရေးပြီးသား စက္ကူတို့ကို လှပအောင် ညီညာအောင်လိပ်ပြီး မုန့်လုံးရေပေါ်ထဲမှာ

ကြံ့သကာခဲနှင့်တွဲ၍ ထည့်ဌာပနာပြီး မုန့်လုံးရေ ပေါ်များကို ညီညာလှပအောင်လုံးပါ။

စုစုပေါင်း (၁၅)လုံးတိတိ။

(၁) မုန့်လုံးရေပေါ် (၁၅)လုံးပါသော ပွဲတစ်ပွဲ။
(၂) ကွမ်းယာအချို (၁၅)ယာပါသော ပွဲတစ်ပွဲ။
(၃) ငွေပန်း(သို့)ရွှေပန်း(သို့)ကံ့ကော်ပန်း(၁၅)ပွင့် တစ်ပွဲ။
(၄) ကြက်သွန်ကြော်(၁၅)ခုပါသော ပွဲတစ်ပွဲ။
(၅) သကြားနှင့်ဖျော်သော မန်ကျည်းဖျော်ရည် (၅)ခွက်။
(၆) ဖယောင်းတိုင် (၅)တိုင်ထွန်း

မိမိအိမ် ဘုရားစင်ပေါ်မှာ လှပအောင် စည်းကမ်းတကျပြင်ဆင်ပါ။

တစ်ပွဲနှင့်တစ်ပွဲ ထိကပ်ထားပါ။

ဟာမနေစေနှင့်။

ခွာမထားစေနှင့်။

ထိကပ်နေပါစေ။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အနန္တော

အနန္တငါးပါးအား ရည်စူး၍ ရည်မှန်း၍ ကပ်လှူပူဇော်ပါ။

စိတ်အေးအေးထား၍ အပူအပင်ကင်းရှင်းစွာနှင့် အားပါးတရ ပျော်ရွှင်တက်ကြွသော စိတ်ကိုမွေးမြူ၍ ကပ်လှူပူဇော်ရမည်ကို သတိပြုပါ။

## ဆုတောင်းပုံများ

ဘုရားတပည့်တော်သည် ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘတို့အား ရည်စူး၍ ဤမုန့်လုံးရေပေါ် (၁၅)လုံးပါသော ပွဲများ၊ ကွမ်းယာပွဲ၊ ငွေပန်းပွဲ၊ ကြက်သွန်ကြော်ပွဲများ၊ မန်ကျည်းဖျော်ရည်များနှင့်တကွ ဖယောင်းတိုင်(၅)တိုင်ပါ ထွန်းညှိ၍ အနန္တောအနန္တငါးပါးအား ကပ်လှူပူဇော်ပါ၏ဘုရား။

လှူဒါန်းပူဇော်ပါ၏ဘုရား။ ဤကောင်းမှု စွမ်းအားကြောင့်လည်းကောင်း၊ ဤကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း (ဘုရား၊ တရား၊ သံဃာ၊

ဆရာ၊ မိဘ) အနန္တောအနန္တငါးပါးတို့၏ တန်ခိုးတော် အာနုဘော်တော်တို့ကြောင့် သူရဿတီ နတ်သမီးနှင့်တကွ ဒေဝီ(၇)ပါး၊ ဒေဝီ(၉)ပါး၊ ဒေဝီ(၁၂)ပါးသည် အကျွန်ုပ်အား ဝိုင်းဝန်းကူညီမစကြပါစေကုန်သတည်း။

လာဘ်လာဘများ ဖွင့်ပေး ပွင့်ပေးလာကြပါစေကုန်သတည်း။

(အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာများမှ လာစရာရှိသောလာဘ်လာဘငွေကြေးများ၊ ဝင်စရာရှိသော လာဘ်လာဘငွေကြေးများ၊ ရစရာရှိသော လာဘ်လာဘငွေကြေးများ၊ အကြွေးငွေကြေးများ၊ လက်လွှန်ထားသောငွေများ၊ စီးပွားရေး အလုပ်အကိုင်များကြောင့်ဖြစ်လာတတ်သော လာဘ်လာဘငွေကြေးများ ထိုငွေကြေး(၆)မျိုး စလုံးသည် လျှင်မြန်စွာဝင်ရောက်လာကြပါစေကုန်။

စည်ကားစွာ ဝင်ရောက်လာကြပါစေကုန်။

တိုးတက် အောင်မြင်စွာ ဝင်ရောက်လာကြပါစေကုန်။

စိတ်ချမ်းသာစွာဖြင့် ဝင်ရောက်လာကြပါစေကုန်သတည်း)

ဤကောင်းမှုကုသိုလ်များ၏ အဖို့ဘာဂတို့ကိုလည်း သူရဿတီမယ်တော်နတ်သမီးနှင့်တကွ ဒေဝီ (၇)ပါး၊ ဒေဝီ (၉)ပါး၊ ဒေဝီ (၁၂)ပါးတို့အား (အမျှ-အမျှ-အမျှ)ပေးဝေပါ၏။

အားလုံးအမျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ဝမ်းသာရွှင်လန်း ရှိကြပါစေကုန်သတည်း။

(ဤဆုတောင်းအတိုင်း (၅)ခါဆို၍ ဆုတောင်းရပါမည်)

ရင်းကြွှစ္စာသယ မနေသိဒ္ဓိ ငွေခေါ်ယတြာနည်းကို အောက်ပါအတိုင်း မိမိအိမ်မှာ ဆောင်ရွက်ပါ။

စီးပွားရေးသမားများ အရောင်းအဝယ်သမားများအတွက်မူ -

(၁) တနင်္လာနေ့ နံနက်(၉)နာရီတစ်ကြိမ်
(၂) ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတစ်ကြိမ်
(၃) ကြာသပတေးနေ့ နံနက်(၉)နာရီတစ်ကြိမ်

**(တစ်ပတ် ၃-ကြိမ် လုပ်ရပါမည်)**

အလုပ်ကြီးအကိုင်ကြီးသမားများ၊ ကုမ္ပဏီလုပ်ငန်းကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ရွှေဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်ပိုင်ရှင်များမှာမူ အထက်ပါ တစ်ပတ်(၃)ကြိမ်အပါအဝင် ....

(၄) သောကြာနေ့ နံနက်(၉)နာရီတစ်ကြိမ်

အပါအဝင် တစ်ပတ်လျှင် (၄)ကြိမ် မှန်မှန်ဆောင်ရွက်ပေးရပါမည်။

## အထူးမှတ်ချက်

မိသားစုတစ်စု အိမ်ထောင်စုတစ်စုတွင်မူ ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ တစ်ဦးဦးက ဆောင်ရွက်ပေးရပါမည်။

ဤသို့လျှင် တစ်ပတ်(၄)ကြိမ် (သို့မဟုတ်) တစ်ပတ်(၃)ကြိမ် ဆောင်ရွက်လုပ်ကိုင်၍ အမျှပေးဝေ၊ ဆုတောင်း(၅)ကြိမ်ပြည့်ပြီးတိုင်း အောက်ပါ သူရဿတီလာဘ်ပွင့် ဂါထာတော်ကို (၄၅)ခေါက်စေ့အောင် တစ်ထိုင်တည်းနှင့် အပြီးရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။

## သုံ့ရဿဿတီနတ်သမီးလာဘ်ဖွင့်ဂါထာ

(၁) ဥုမ်-သူ့ရဿဿတီဒေဝီစ မေမာတာ။ မာတာစမေ
သူ့ရဿဿတီဒေဝီ အနုကမ္ပံ ဥပါဒါယ မဟာသုခံ
မဟာဓနံ မဟာလာဘံ မေအမှိ ဒေဟိတွံ။

(၂) ဥုမ်-သဗ္ဗဟိတ မင်္ဂလာနိ ပုညာဘိ သိရီ
သောဘဏီ သူ့ရဿဿတီစ မေမာတာ နိစ္စံ ရက္ခန္တု
မံသဒါ။

ဤဂါထာသဿယမနေသဒ္ဒိ ငွေခေါ်ယတြာနည်း
ကို ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအား လူ
အမျိုးမျိုးတို့သည် ချစ်ခင်လာတတ်ကြကုန်၏။
ဆင်းရဲသား ဆင်းရဲသူများ တစ်နေ့လုပ် တစ်နေ့

စားများ စားနိုင်သောက်နိုင်သော လူလတ်တန်းစား များ၊ သုံးနိုင်စွဲနိုင်သော သူဌေးသူကြွယ်များ၊ လူတန်းစားမရွေးအားလုံး ချစ်ခင်လာကြကုန်၏။

လေးစားလာကြကုန်၏။

လူဆိုးဓားပြများပင်လျှင် ချစ်ခင်လေးစားလာ ကြကုန်၏။

အလုံးစုံသော ရွှေငွေရတနာများ တစ်လ ထက်တစ်လ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင် ရောက်လာကြကုန်၏။

လာဘ်လာဘများ ဝင်ရောက်လာရကုန်၏။

အလုပ်အကိုင်များ စီးပွားရေးသမားများ တစ်စထက်တစ်စ တိုးတက်အောင်မြင်လာရ၏။

စည်းစိမ်ဥစ္စာ ရတနာရွှေငွေများသည် စိတ်ရှိ တိုင်း တောင့်တတိုင်း အလိုရှိတိုင်း ရလာစေနိုင်၏။ အလုပ်အကိုင်မှန်သမျှ တိုးတက်လာရ၏။

ဝင်ငွေမှန်သမျှ အားကောင်းစွာ တိုးတက် ဝင်ရောက်လာရ၏။

အရောင်းအဝယ်မှန်သမျှ အားလုံးကောင်းလာရစေ၏။

အလုပ်အကိုင်မှန်သမျှ အားလုံးအဆင်ပြေလာရ၏။

လူနတ်ဝိဇ္ဇာမှန်သမျှ ချစ်ခင်မြတ်နိုးလာကြကုန်၏။

အနုပညာသမားများ တေးဂီတထုတ်လုပ်သူများ၊ မင်းသားမင်းသမီးများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်လုပ်ငန်းများသည်လည်း (တစ်ပတ် ၄-ကြိမ်) ဆောင်ရွက်လုပ်ကိုင်နေပါက မိမိလုပ်ငန်းများ ထုတ်လုပ်သူများ အရှုံးမရှိ စည်ကားခြင်း၊ တိုးတက်မှုရရှိခြင်း၊ အောင်မြင်မှုရရှိလာခြင်း၊ လူကြိုက်များခြင်း၊ အရောင်းအဝယ် သွက်လက်လာခြင်း၊ အမြတ်အစွန်းများပြားလာခြင်းရှိလာပါမည်။

မိမိလုပ်ငန်း မှန်သမျှ အောင်မြင်တိုးတက်လာရ၏။

မိမိအိမ်၊ တိုက်၊ တိုက်ခန်းတို့သည် လာဘ်လာဘဝင်အားကောင်းလာခြင်း၊ မိမိ၏ အိမ်၊ တိုက်သည် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလာရ၏။

တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ အောင်မြင်မှုများ၊ တိုးတက်မှုများ၊ ရရှိခံစားလာရပါမည်။

မိသားစုဝင်များ၊ အိမ်ထောင်စုဝင်များသည် ဘေးမရှိ၊ ရန်မရှိ၊ အန္တရာယ်မရှိ၊ ရောဂါမရှိ၊ ပကတိ ပျော်ရွှင်ချမ်းမြေ့သော ဘဝမျိုးရရှိလာပေလိမ့်မည်မှာ မလွဲလှပါ။

သူတစ်ပါးတို့၏ အတိုက်အခိုက်များ၊ အနှောင့်အယှက်များ၊ အတိုက်အခံများ နောက်ဆုတ်ကြရကုန်၏။

ပျက်ပြားသွားကြကုန်၏။

ပျောက်ကင်း ပပျောက်လာရကုန်၏။

ကြံစည်သမျှ မှန်ကန်လာရ ၏။

ပြောဆိုသမျှ ဟုတ်တိုင်း မှန်ကန်လာရ၏။

လုပ်ကိုင်ဆောင်ရွက်သမျှလည်း အောင်မြင်တိုးတက်လာရကုန်၏။

## အကြွေးတောင်း ငွေတောင်းနည်း

အကြွေးတောင်း ငွေတောင်းလျှင် တစ်ပတ် (၃)ကြိမ်လုပ်ရသော ယတြာလုပ်သည့်နေ့များတွင်သာ မျက်နှာပြရမည်။ အကြွေးတောင်းရပါမည်။

ယတြာမပြုသောနေ့များတွင် မျက်နှာမပြရ။ အကြွေးမတောင်းရ။ အထူးရှောင်ရှားပါ။

**(အထူးသဖြင့်)**

စနေနေ့၊ တနင်္ဂနွေနေ့၊ အင်္ဂါနေ့ ဂုဏ်သုံးနေ့တွင် အကြွေးမတောင်းရ။ ငွေမတောင်းရ။ ပစ္စည်းမတောင်းရ။ မျက်နှာမပြရဟုမှတ်ပါလေ။ လက်လွှန် ထားသောငွေများ အကြွေးငွေများ

တောင်းလျှောင် ပြုရ မည့် ဗုဒ္ဓစစ်ကြိုး ယတြာမှာ

(ဗုဒ္ဓမြတ်စွာဘုရား အရှင်ဘုရား ဘုဉ်းပေးသုံးဆောင်ပြီးသော ကွမ်းယာအား အကြွေးငွေများ လက်လွန်ထားသောငွေများ တောင်းတိုင်းရရှိလာအောင် တပည့်တော်အား ကွမ်းယာကို စွန့်တော်မူပါဘုရား)

ဟု လျှောက်ထားပြောဆိုပြီး မိမိကပ်လှူထားပြီးဖြစ်သော ကွမ်းယာထဲမှ (ကွမ်းယာတစ်ယာ)ကိုယူ၍ မိမိ၏နှုတ်ပါးစောင်တွင် ငုံဝါးပြီး သွားတောင်းရပါမည်။

အလုပ်တောင်း၊ ငွေတောင်း၊ ပစ္စည်းတောင်း ကိစ္စများ တောင်းတိုင်း ရရှိလာစေပါသည်။

## အထူးမှတ်ချက်

ဤအစီအမံ ယတြာနည်းကို ဆောင်ရွက်ကြကုန်သော ပုဂ္ဂိုလ်များသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား အားကိုးယုံကြည်ခြင်း၊ ကိုယ်ကျင့်သီလသိက္ခာတရားနှင့် ပြည့်စုံစေရပါမည်။ သူတော်ကောင်းတရားကို လက်ကိုင်ထားတတ်ကြရပါမည်။

ဗုဒ္ဓဘုရားနှင့်တကွ အရိယာသူတော်ကောင်းများ မကြိုက်မနှစ်သက်သော အလုပ်အကိုင်မျိုး အမူအကျင့်မျိုး မပြုလုပ်မိစေနှင့်။

အထူးသတိပြုကြပါလေ။

ဤဂ္ဂဏ္ဌာသယနေသိဒ္ဓိလာဘ်ခေါ် ငွေခေါ်နည်းသည် နတ်ကောင်းနတ်မြတ်များ ချစ်ခင်လေးစားကြည်ညိုကြကုန်သောကြောင့် ဝင်ငွေကောင်းလာခြင်း၊ ငွေအတွက် သောကမရှိခြင်း၊ ငွေအတွက် စိတ်ဆင်းရဲမှုမရှိခြင်း ငွေရေးကြေးရေးများအဆင်ပြေလာရ၏။

ကုမ္ပဏီလုပ်ငန်းကြီးများ၊ ပွဲရုံများ၊ အလုပ်ကြီးအကိုင်ကြီးသမားများ၊ အရောင်းအဝယ်လုပ်ငန်းကြီးများ၊ ငွေရေးကြေးရေး အဝင်အထွက်လုပ်ငန်းကြီးများသည် အထစ်အငေါ့မရှိ အခက်အခဲမရှိ တိုးတက်ကြီးပွားအောင်မြင်လာပေ လိမ့်မည်တည်း။

ဤဂ္ဂဏ္ဌာသယနေသိဒ္ဓိ ငွေခေါ်ငွေလာ ယတြာနည်းသည် နည်းဗျူဟာအရ ငွေသည် တနင်္လာနံ၊ ကျန်းမာရေးသည် တနင်္လာနံ၊ ကြီးပွားမှုသည် တနင်္လာနံ၊ ကျော်ကြားမှုသည် တနင်္လာနံ၊

ကျော်စောမှုသည် တနလ်ာနံ၊ စိတ်ချမ်းသာမှုသည် တနလ်ာနံ၊ ကိုယ်ချမ်းသာမှုဖြစ်သော ချမ်းသာမှုသည် တနလ်ာနံ၊ စက်ဘီးဆိုင်ကယ်စသည် တနလ်ာနံ၊ မော်တော်ကား၊ ကုန်ကား၊ ဆလွန်းကား စသော မော်တော်ကား မှန်သမျှသည်လည်း တနလ်ာနံတို့ဖြစ်နေခြင်းကြောင့် ဤလက္ခဏာသယ မှေသိဒ္ဓိငွေခေါ် ငွေလာယတြာ တစ်မျိုးတည်းကိုပင် တစ်ပတ်လျှင် အနည်းဆုံး(၃)ကြိမ်နှုန်းဖြင့် မှန်မှန်ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ဘဝ သာယာလာခြင်း၊ မိမိတို့ဘဝ ပြည့်စုံလာခြင်း၊ မိမိတို့ဘဝ သာယာချမ်းမြေ့၍ ပျော်ရွှင်လာတတ်ခြင်း၊ မိမိတို့၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေပါလိမ့်မည်ဟု မှတ်သားထားကြပါလေ။

မော်တော်ကား ထောင်ထားသော ကားထောင်လုပ်ငန်းများ၊ ကားအရောင်းအဝယ်လုပ်ငန်းများ၊ စက်ဘီးဆိုင်ကယ်အရောင်းအဝယ်

လုပ်ငန်းများ၊ စက်ဘီးပစ္စည်းဆိုင်၊ ဆိုင်ကယ်ပစ္စည်းဆိုင်၊ ကားပစ္စည်းဆိုင်များသည် အကြီးအကျယ်အလုပ်ဖြစ်ခြင်း၊ အကြီးအကျယ်ကြီးပွားခြင်း၊ အကြီးအကျယ် တိုးတက်အောင်မြင်ခြင်းများ ဖြစ်လာနိုင်ပေလိမ့်မည်။

ထို့ပြင် ငွေပေးငွေယူ လုပ်ငန်းများ၊ ငွေအချေးအငှားလုပ်ငန်းများ၊ ငွေတိုးပေး ရွှေအပေါင်ခံပစ္စည်းအပေါင်ခံလုပ်ငန်းများ၊ ငွေအပ်နှံခြင်းကိစ္စများ၊ ငွေအရောင်းအဝယ်ကိစ္စများသည် အလွန်အဆင်ပြေလာခြင်း၊ အလွန်ကြီးပွားချမ်းသာ၍ အောင်မြင်မှုများ တိုးတက်မှုများရရှိလာပေလိမ့်မည်။ ဘဏ်လုပ်ငန်းများ အသေးစားချေးငွေလုပ်ငန်းများ စိတ်ချမ်းသာနေစေပြီး ငွေအတွက် အပူအပင်သောကဗျာပါဒများ ကင်းဝေးစေပြီး အောင်မြင်မှု တိုးတက်ကြီးပွားမှု ကောန်အမှန် ရရှိလာပေလိမ့်မည်။

ထို့ပြင် မိမိတို့ဘဝတွင်လည်းကောင်း၊ မိမိတို့၏ မိသားစုတို့တွင်လည်းကောင်း ကားမဝယ်နိုင်သူများ ဝယ်နိုင်လာပေလိမ့်မည်။ ကားမပိုင်သူများ ကားအပိုင်ရလာလိမ့်မည်။ ကားတစ်စီးမှနှစ်စီး ဖြစ်လာပါလိမ့်မည်။ ကားနှစ်စီးမှသုံးစီးဖြစ်လာပေလိမ့်မည်။

ထို့ပြင် ကားအဟောင်းအစုတ်မှ ကားအသစ်ဝင်လာပေလိမ့်မည်။

မကောင်းတာမှန်သမျှ အကောင်းဘက်ကိုဖြစ်စေပါလိမ့်မည်။ စက်ဘီးအသစ်၊ မော်တော်ဆိုင်ကယ်အသစ်များ ဝင်ရောက်လာတတ်ပါသည်။ ဆိုင်ကယ်မဝယ်နိုင်သေးလျှင် ဝယ်နိုင်လာလိမ့်မည်။ ကားအရောင်းအဝယ်လုပ်ငန်းများ မော်တော်ဆိုင်ကယ် အရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေအောင်မြင်လာပါလိမ့်မည်။

ဈေးရောင်းကောင်းလာလိမ့်မည်။ အရောင်း

အဝယ်လုပ်ငန်းသည် တစ်ပတ်ပြီးတစ်ပတ် အဆင်ပြေလာလိမ့်မည်။

မည်သည့်အရောင်းအဝယ်လုပ်ငန်းမဆို မည်သည့်ဈေးဆိုင်မဆို ဈေးရောင်းဈေးဝယ်ရာတွင် အလွန်အဆင်ပြေလာလိမ့်မည်။ ဈေးရောင်းခြင်း၊ ဈေးဝယ်ခြင်း၊ ဈေးလျှော့ခိုင်းခြင်း၊ ဈေးပိုတင်ရောင်းခြင်း စသည်များသည် အလွန်အဆင်ပြေလာတတ်ပြီး အံ့ဝင်ခွင်ကျအောင် အပေးအယူအရောင်းအဝယ်ကိစ္စများ ငွေရေးကြေးရေး ဈေးအတက်အကျကိစ္စများသည် စိတ်တိုင်းကျ ပြောတိုင်းဆိုတိုင်း ဖြစ်လာနေပါလိမ့်မည်ဟု မှတ်ယူပါလေ။

ထို့ပြင် တေးသံရှင်များ၊ အဆိုတော်များ၊ အဆိုကျော်များ၊ တေးဂီတထုတ်လုပ်သူများ၊ စတိတ်ရှိုးသွင်းသူများ၊ ဖန်တီးသူများတို့သည်လည်း ဤဗေဒင်ပညာသယနေသိဒ္ဓိ ငွေခေါ်ယတြာနည်းကို

တစ်ပတ်(၃)ကြိမ် ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ သီချင်းခွေများ၊ CD ပြားများ၊ VCD အပြားများ၊ DVD အပြားများ တိတ်ခွေများသည် အရောင်းတွင်ကျယ်လာပေလိမ့်မည်။ ခေတ်စကားနှင့်ရေးရလျှင် (ပေါက်ပါလိမ့်မည်)ဟု ဆိုလိုပါသည်။ ထို့အပြင် အဆိုတော်တေးသံရှင်များသည် မိမိတို့၏ သဒ္ဒအသံကို ပြည်သူလူထုများ ကြိုက်နှစ်သက်လာခြင်း အသံကို ဆိုဟန်ကို အားရကျေနပ်လာကြခြင်း စွဲလမ်းနှစ်သက်လာတတ်ခြင်း ရှိလာပေလိမ့်မည်။ တိတ်ခွေအသံ၊ CD အသံ တေးသံသာများကို ကြားမိသူ နားဆင်မိသူမှန်သမျှ တမ်းတမ်းတတ ရှိလာပေလိမ့်မည်။ အလုအယက် ဝယ်ယူလာနိုင်ပါလိမ့်မည်။ သီချင်းရှင် တေးသံရှင် အနုပညာရှင်များအဖို့ ကျော်ကြားလာခြင်း ထင်ပေါ်လာခြင်း လူသိများလာခြင်း ရှိလာပေလိမ့်မည်။

ထို့ပြင် ရုပ်ရှင်မင်းသမီးများ၊ မင်းသားများ သရုပ်ဆောင်သူများ၊ ထုတ်လုပ်သူ ဒါရိုက်တာများ

ရုပ်ရည်နှင့်ဖြစ်စေ သဒ္ဒအသံနှင့်ဖြစ်စေ၊ အမူအရာနှင့်ဖြစ်စေ ဆောင်ရွက်အလုပ်လုပ်နေကြသော အနုပညာရှင်များတို့သည်လည်း ဤကြဏ္ဍာသယဓနုသိဒ္ဓိ ငွေခေါ်ယတြာနည်းကို (တစ်ပတ်လျှင် ၄ ကြိမ်နှုန်းဖြင့်) မှန်မှန်လုပ်ကိုင်ဆောင်ရွက်သွားခြင်းဖြင့် အနုပညာလုပ်ငန်းများ ရုပ်ရှင်လုပ်ငန်းများ၊ သရုပ်ဆောင်လုပ်ငန်းများ၊ တေးသံသွင်းလုပ်ငန်းများ၊ ဇာတ်ကားထုတ်လုပ်သူများသည် အလုပ်အကိုင်ပြတ်လပ်နေတာမျိုး မဖြစ်နိုင်တော့ဘဲ အလုပ်အကိုင်များ တစ်လုပ်ပြီးတစ်လုပ် တစ်ခုပြီးတစ်ခု ဆက်တိုက်ရရှိစေနိုင်ပြီး အလုပ်များ အောင်မြင်လာစေခြင်း၊ အဆင်ပြေလာစေခြင်း၊ လူကြိုက်များခြင်း၊ အရောင်းသွက်ခြင်း၊ ဝင်ငွေတိုးတက်လာခြင်းများ ရရှိခံစား ရနိုင်ပေလိမ့်မည်။

## အထူးမှတ်ချက်

ဉာဏ်တော်အမြင့်(၁၅)လက်မ၊ (ပလ္လင်မပါ) မဟာမြတ်မုနိပုံတော်ကြီးဘုရားကို ကိုးကွယ်အနေ ကဇာတင်၍ ၎င်းဘုရားတွင် ဤက္ကဋ္ဌာသယ နေ သိဒ္ဓိငွေခေါ်ယတြာနည်းကို ပြုပါက သိသာထင် ရှားစွာ တိုးတက်ကြီးပွားချမ်းသာလာပေလိမ့်မည်။

ဤ က္ကဋ္ဌာသယနေသိဒ္ဓိ ငွေခေါ်ယတြာသည် ကြီးဘုရား(ဝါ)ကြေးဘုရားဉာဏ်တော် အမြင့် (၁၅)လက်မနှင့် အလွန်ကိုက်ညီလှသောကြောင့် လည်းကောင်း၊ ခတ်တူနံ့တူ ဆေးဘက်ယူအရ တနင်္လာဂြိုဟ်သက် (၁၅)နှစ်ကို မူတည်၍

ညာဏ်တော်အမြင့်(၁၅)လက်မ တိတိကျကျရှိစေရပါမည်။

(တတ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပါက ငွေဘုရား (၁၅)လက်မ)၊

(မတတ်နိုင်သောသူများမှာ (ကြေးဘုရား မဟာမုနိပုံတော်ညာဏ်တော်(၁၅)လက်မ) စသည်တို့ကို (တနင်္လာလပြည့်နေ့)တွင် နံနက်အရုဏ်တက်ချိန်၌ အနည်းဆုံး သံဃာ(၅)ပါး ပင့်၍ အနေကဇာတင်ပါ။ အများဆုံး ပင့်သံဃာ(၁၅)ပါး ဖြစ်စေရပါမည်။ ထိုထက် မကျော်အပ်ပါ။

ဤသို့သော ညာဏ်တော်အမြင့် (၁၅) လက်မ ရှိခြင်း၊ တနင်္လာနေ့ လပြည့်နေ့ကြုံကြိုက်သော အခါ နံနက်အရုဏ်တက်ချိန်မှာ အနေကဇာ တင်၍ ကိုးကွယ်ဆည်းကပ်ပြီးလျှင် ထိုငွေဘုရား ကြေးဘုရားမျိုးတွင် ဤဇာကြွာသယနေသိဒ္ဓိငွေခေါ် ယတြာမျိုးကို ဆောင်ရွက်ပါက ဆုတောင်းတိုင်း လျင်မြန်စွာ ပြည့်စုံလာစေတတ်၏။

ဆန္ဒရှိတိုင်း တမ်းတတိုင်း ရည်ရွယ်တိုင်း ဖြစ်လာစေတော့၏။

လျှင်မြန်စွာပင် စီးပွားဥစ္စာရတနာရွှေငွေများ စည်ကားတိုးတက် ဝင်ရောက်လာစေရတော့၏။

မိမိတို့၏ ဘဝတစ်လျှောက်လုံးတွင် ရွှေမရှား၊ ငွေမရှား၊ ရတနာမရှား ပစ္စည်းဥစ္စာမရှား ပေါများကြွယ်ဝတော့၏။

ဤသို့လျှင် နေ့ကောင်းရက်သာ မင်္ဂလာအခါဖြစ်သော (တနင်္လာနေ့ လပြည့်နေ့ နံနက်အရုဏ်တက်ချိန်)တွင် ဆိုခဲ့ပြီးသော ငွေဘုရား(သို့) ကြေးဘုရားအား အနေကဇာတင် ကိုးကွယ်ဆည်းကပ်၍ (တစ်ပတ်လျှင် ၃ ကြိမ်) မှန်မှန် ဤဣစ္ဆာသယမနသိဒ္ဓိငွေခေါ်ယတြာကို ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် မိမိနှင့်တကွ မိမိတို့၏ မိသားစုဝင် အိမ်ထောင်စုဝင်များသည် တစ်ပတ်ပြီးတစ်ပတ် တစ်လပြီးတစ်လ တစ်နှစ်ပြီးတစ်နှစ် ကျန်းမာရေး

အထူးကောင်းမွန်လာလိမ့်မည်။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းများ ဖြစ်လာပေလိမ့်မည်။

စိတ်ပေါ့ပါးခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးခြင်း၊ စိတ်နူးညံ့ခြင်း၊ ခန္ဓာကိုယ်နူးညံ့ခြင်း၊ စိတ်ဓာတ်သိမ်မွေ့လာခြင်း၊ ခန္ဓာကိုယ်သိမ်မွေ့လာခြင်း ရှိလာပေလိမ့်မည်။

ထိုအခါ အလုံးစုံသော (၉၆)ပါး ရောဂါဝေဒနာတို့သည် ကင်းဝေးပပျောက်ကုန်လိမ့်မည်။

မိမိတို့၏စိတ်ထဲတွင် လွတ်လပ်မှု၊ အေးချမ်းမှု၊ အားရကျေနပ်မှုများ တဖြည်းဖြည်းရလာသည်နှင့်အမျှ မိမိတို့၌ ခံစားနေရသော ရောဂါများ အနာများ ဝေဒနာများသည်လည်း လျော့ကျလာခြင်း သက်သာလာခြင်း၊ ပျောက်ကင်းလာခြင်း ရှိလာနိုင်ပေလိမ့်မည်။ (တစ်ခုခုသော ရောဂါဝေဒနာ ခံစားရရှိနေရပါလျှင်) မိမိကပ်လျှုထားသော မုန့်လုံး

ရေပေါ်ကိုဖြစ်စေ၊ ကွမ်းယာကိုဖြစ်စေ၊ သကြားနှင့် ဖျော်ထားသော မန်ကျည်းရည်တို့ကိုဖြစ်စေ၊ ငွေပန်းကိုဖြစ်စေ၊ မိမိဉာဏ်ရှိသလိုယူ၍ (ဗုဒ္ဓဘုရားထံ ရောဂါဝေဒနာများ လျင်မြန်စွာ ပျောက်ကင်းစေရန်အတွက် ဆေးတော်များပေး သနားတော်မူပါ ဘုရားဟု) လျှောက်ထား၍ ဆေးအဖြစ် ကွမ်းယာ ကျွေးခြင်း၊ မုန့်လုံးရေပေါ်များကို စားစေခြင်း၊ ငွေပန်းဖြင့် အနာရောဂါတို့ကို ရိုက်ချပေးခြင်း၊ သပ်ချပေးခြင်း၊ မန်ကျည်းဖျော်ရည်ကို တိုက်ကျွေးခြင်းဖြင့် ရောဂါများ၊ အနာများ၊ ဝေဒနာများသည် ထူးထူးခြားခြား သက်သာပျောက်ကင်းလာပါလိမ့်မည်။

ဤသည်ကား ရောဂါဝေဒနာများအတွက် ဆေးသောက်ဆေးကု ဆေးလိမ်းခြင်းဖြစ်သည်။ မိမိဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။ မိမိဉာဏ်သည် မိမိ၏ ဆေးအညွှန်းပင်ဖြစ်သည်။

ကားရောင်းထွက်လိုပါလျှင်၊ ဆိုင်ကယ်ရောင်းထွက်လိုပါလျှင်၊ ဗုဒ္ဓဘုရားထံ ကပ်လှူထားပြီးသော ငွေပန်းများကို (ဗုဒ္ဓမြတ်စွာဘုရား တပည့်တော်၏ကားကို အမြန်ဆုံးရောင်းထွက်ချင်ပါသည် ဘုရား ထို့အတွက် မော်တော်ကား အမြန်ရောင်းထွက်ရန် အဆောင်အဖြစ် စွန့်တော်မူပါဘုရား)ဟု လျှောက်ထားပြီး ငွေပန်းသုံးပွင့်ကိုယူ၍ ရောင်းမည့်ကား ခေါင်းထိပ်တွင် ထိုးစိုက်ထားပါ။

အမြန်ဆုံး ရောင်းထွက်ရ၏။

ဆိုင်ကယ်ရောင်းချင်လျှင် ဆိုင်ကယ်မီးလုံးထဲတွင် ငွေပန်းသုံးပွင့်ကိုထည့်ထားပါက ဆိုင်ကယ်ရောင်းထွက်ရ၏။

အိမ်ရောင်းထွက်လိုပါလျှင် အထက်ပါနည်းအတိုင်း ဗုဒ္ဓဘုရားရှင်ထံ တောင်းယူ၍ ငွေပန်းသုံးပွင့်ကို တစ်စည်းတည်းဖြစ်အောင် စုစည်း၍ ရောင်းမည့်အိမ်၊ အဂ်ီါထောင့်တွင် ထိုးစိုက်ထားပါ။

အမြန်ဆုံးရောင်းထွက်ရ၏။

ဤနည်းကိုမှီ၍ အကြွေးတောင်းကိစ္စ၊ ငွေတောင်းကိစ္စ၊ အလုပ်စာမေးပွဲ ဖြေဆိုမှုကိစ္စ၊ ကျောင်းအတန်းတင်စာမေးပွဲဖြေဆိုမှုကိစ္စများတွင်လည်း ဤနည်းအတိုင်းပင် ဗုဒ္ဓဘုရားထံ အဆောင်အဖြစ် ဆုတောင်းလျှောက်ထားပြီး ဆောင်ထားခြင်းဖြင့် အလွယ်တကူပင် အကြွေးငွေများ၊ လက်လွှန်ထားသောငွေများ ရရှိစေနိုင်မည်။

စာမေးပွဲ ကိစ္စများ နှုတ်ဖြေ၊ ရေးဖြေကိစ္စများ အောင်မြင်စေရာ၏။

ဒါရိုက်တာနှင့်တွေ့ရခြင်း၊ ကုမ္ပဏီပိုင်ရှင် သူဌေးနှင့်တွေ့ရမည်ဆိုသော် လုပ်ငန်းရှင် အလုပ်ရှင်များနှင့် တွေ့ရမည်ဆိုသော် အထက်အရာရှိများနှင့် လူတွေ့ စာတွေ့ တွေ့ရမည်ဆိုသော် အထက်ပါနည်းအတိုင်း ဗုဒ္ဓမြတ်စွာဘုရားထံ အဆောင်တစ်ခုခုကို လျှောက်ထားစွန့်ယူပြီး

ဆောင်သွားပန်သွားပါက ပြောစကား ဆိုစကား အဆင်ပြေရ၏။

ပြောတိုင်းဆိုတိုင်း အောင်မြင်ရ၏။

တင်ပြလိုက်တိုင်း တစ်ဖက်ကအတည်ပြုရ၏။

## အထူးမှတ်ချက်

ဤကြက္ကစ္ဆာသယ နေသိဒ္ဓိ ငွေခေါ်လာဘ်ခေါ် ယတြာကြီးကို ဆောင်ရွက်ကြရာတွင် အောက်ပါ အချက်အလက်များကို အထူးသတိပြုကြပါလေ။

(၁) သရဏဂုံ(၃)ပါး၊ ရတနာ(၃)ပါးများကို အထူး အားကိုး၍ ယုံကြည်ခြင်း။

(၂) ဤကြက္ကစ္ဆာသယ နေသိဒ္ဓိ ငွေလာဘ်ခေါ် ယတြာကို ဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်းသည် ဗုဒ္ဓဘုရားရှင်ထံတွင် (၅)ပါးသီလတော်မြတ်ကို ခံယူဆောက်တည်သင့်ပါသည်။

(၃) ကပ်လျှုပူဇော်ရာ၌ ယုံကြည်သော သဒ္ဓါတရားကို အားကောင်းစေလျက် ရိုရိုသေသေလေးလေးစားစား အားကိုးတကြီးဖြင့် ကပ်လျှုပူဇော် ဆုတောင်းသင့်၏။

(၄) အဆောတလျင် မကပ်လျှု မပူဇော်ရ။ အလျင်စလို မကပ်လျှု။ မပူဇော်ရ။ တခြားကိစ္စများတွင် ဒေါသထွက်လျက်၊ စိတ်ဆိုးလျက်၊ ဆဲဆိုတိုင်းထွာလျက် မကပ်လျှု မပူဇော်၊ မဆောင်ရွက်ရ။ အိမ်တွင်းရေး၊ မိသားစုရေး ဆူဆူပူပူဖြစ်လျက်နှင့် မပူဇော်အပ်။ မကပ်လျှုအပ်ပါ။ အိပ်ချင်မူးတူး၊ အိပ်မှုန်စုံမွှားနှင့် ပေါ့ပေါ့တန်တန် မကပ်လျှု မပူဇော်ရ။ ခန္ဓာကိုယ် မသန့်ရှင်းစေဘဲနှင့်လည်း မကပ်လျှုရ။ မပူဇော်ရ။

***အထူးသတိပြုပါလေ***

(၅) ဒေါသဖြစ်စရာများ၊ စိတ်ဆင်းရဲစရာများ၊ စိတ်သောက ရောက်စရာများကြောင့် မိမိသည်

စိတ် လှုပ်ရှားနေပါလျှင် ထိုကိစ္စ၊ ထိုအတွေး အခေါ် အာရုံများ စိတ်သောကများ ဒေါသများ တို့ကို ခေတ္တဘေးဖယ်စေ၍ စိတ်ကို ရှင်လန်းကြည် လင်ပေါ့ပါးနေအောင် တစ်ဖန်ပြန်လည်ပြုစု မွေး မြူ၍ ရှင်လန်းသောစိတ်၊ ပေါ့ပါးသွက်လက်သော စိတ်၊ ကြည်လင်နေသော အချိန်အခါများတွင်သာ ဉာဏ်ကဏ္ဍာသယ ဓနသိဒ္ဓိငွေခေါ် ယတြာအစီအမံကို ဆောင်ရွက်သင့်လှပေသည်ဟု မှတ်ယူထားတတ် ကြပါလေ။

(၆) သူတော်ကောင်းတရားကို လက်ကိုင်ထားပါ။ ကိုယ်ချင်းစာတရားကို လက်ကိုင်ထားပါ။ ကိုယ် ချင်းစာနာတတ်ကြပါလေ။ လောဘကြီးပြီး လော ဘတရားကိုရှေ့ထား၍ အတ္တဆန်လွန်းပြီး အတ္တ လွန်ကဲမှုတို့ဖြင့် ဉာဏ်ကဏ္ဍာသယဓနသိဒ္ဓိ ငွေခေါ် ယတြာနည်းများကို မဆောင်ရွက်ကောင်း။ မပူ ဇော်၊ မကပ်လှူကောင်းဟု မှတ်ရပါမည်။

(၇) မျှတသောစိတ်၊ သမာသောစိတ်ရှိပါစေ။ (ဘုရား၊ တရား၊ သံဃာ စသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပူဇော်နေပါလျှင် ရတနာသုံးပါး က တပည့်တွေကို ပစ်မထားပါ။

ရတနာသုံးပါးက တို့မိသားစုကို ကျွေးမွေးလိမ့် မည်။ အချိန်တန်လျှင် ပေးလိမ့်မည်။

ရတနာသုံးပါးကိုသာ ဂရုတစိုက်ပူဇော် ကန် တော့ပါလျှင် ရတနာသုံးပါးကလည်း တို့မိသားစု များကို စောင့်ရှောက်လိမ့်မည်။

တို့ မဆင်းရဲနိုင်၊ တို့ ဒုက္ခမရောက်နိုင်၊ ဤသို့ သော ယုံကြည်ချက်၊ သမာသောစိတ်၊ မျှတသော စိတ်ထားဖြင့်ဆောင်ရွက်ရ၏။ အရာရာကို လော ဘမတက်ရ။ ကိစ္စမှန်သမျှတို့ကို လောဘရမ္မက်ဖြင့် မပြုလုပ်ကြရာ)

(၈) သဒ္ဓါမှန်ကန်ရမည်။ ရိုးသားဖြောင့်မတ်ရမည်။ ကြိုးစားမှုမှန်ကန်ရပါမည်။ အားထုတ်မှုမှန်ကန်

ရပါမည်။ လုပ်ပုံလုပ်နည်း၊ စီရင်ပုံစီရင်နည်း မှန်ကန်ရပါမည်။ ရည်မှန်းချက် ဆုတောင်းမှန်ကန် ရပါမည်။

ဤသို့သော အချက်အလက်များနှင့်အညီ ဤ ဣန္ဒာသယမနေသိဒ္ဓိ ငွေခေါ်ယတြာကြီးအား ဆောင်ရွက်လုပ်ကိုင်ကြပါလျှင် တစ်နေ့တခြား တက်နေအလားကဲ့သို့ လိုအင်ဆန္ဒ တောင့်တ အရာများသည် အားလုံးပြီးစီးပြည့်စုံလိမ့်မည် သာတည်း။

## မှတ်ချက်

ငွေပန်းမရခဲ့လျှင် ရွှေပန်းကို သုံးရပါမည်။ ရွှေပန်းမရခဲ့လျှင် ကံ့ကော်ပွင့်၊ ကံ့ကော်ပန်းကို သုံးရပါမည်။ လုံးဝမရနိုင်သည့် အဆုံးတွင်မူ (ဂန္ဓမာအဖြူ) ပွင့်တို့ကို သုံးစွဲနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ငွေရေးကြေးရေးမှန်သမျှသည်လည်းကောင်း၊ ငွေပေးငွေယူ ကိစ္စများတွင်လည်းကောင်း၊ ငွေချေးအငှားကိစ္စများ၊ ငွေပေးချေသည့်ကိစ္စများတွင်လည်းကောင်း၊ တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ စနေနေ့များတွင် လုံးဝမပြုလုပ်အပ်ပါ။ အထူးရှောင်ရှားကြ

ပါလေ။ ပြုလုပ်မိပါက အထစ်အငေါ့ အခက်အခဲ နှင့် ရင်ဆိုင်ရတတ်ပါသည်။ အမှုပြဿနာတက် တတ်ပါသည်။ အလိမ်အကောက်ခံရတတ်ကြပါ သည်။ အထူးသတိပြုပါလေ။ ထိုတနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ စနေနေ့ ထိုသုံးနေ့တွင်လည်း တနင်္ဂနွေ နေ့က တော်သေး၏။ အင်္ဂါနေ့၊ စနေနေ့ကား အထူးသတိထားတတ်ကြပါလေ။ ထိုနှစ်နေ့တွင် စာချုပ်ခြင်း၊ လက်မှတ်ထိုးခြင်း၊ ငွေချေးငှားခြင်း၊ ပစ္စည်းချေးငှားခြင်း၊ သတို့သား သတို့သမီး စေ့စပ် ခြင်း၊ ကြောင်းလမ်းခြင်း၊ လက်ထပ်ထိမ်းမြား ခြင်းကစ၍ မပြုလုပ်သင့်ပါ။ အထူးသတိထားရ မည့်နေ့များဖြစ်ပါသည်။ ထိုနေ့များတွင် ဆောင် ရွက်လုပ်ကိုင်မိပါက ဒုက္ခလှလှတွေ့ရတတ်ပါ သည်။ အမှုတက်တတ်သည်။ ဆုံးရှုံးနစ်နာတတ် သည်ကို သတိထားတတ်ကြပါစေ။ ထို့ကြောင့် ယခု ငါဆရာတော်ပြသထားသော ဣန္ဒာသယနေသိဒ္ဓိ

ငွေလာဘ်ခေါ် ယတြာပြုရမည့် နေ့များဖြစ်ကြသည့် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ ထိုလေးနေ့ နံနက်ပိုင်းများတွင်သာ ငွေတောင်း အကြွေးတောင်းကိစ္စများကို ဆောင်ရွက်လုပ်ကိုင်ရပါမည်။ ငွေပေးငွေယူကိစ္စ၊ စာချုပ်ခြင်းကိစ္စ၊ ငွေပေးချေခြင်း ကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ ထိုလေးနေ့ကို အထူးဆောင်ထားကြရာ၏။ အထူးအသုံးပြုတတ်ကြရာ၏။ မင်္ဂလာကိစ္စ၊ စေ့စပ်သောကိစ္စ၊ အလုပ်ရုံစက်ရုံဖွင့်သောကိစ္စ၊ ဆိုင်ဖွင့်သောကိစ္စမှစ၍ ဆောင်ရွက်ကြရပါမည်ဟူ၍ သိမှတ်ကြရာသတည်း။

အချို့လျှင် ငွေရှာရခက်သည်နှင့်ကြုံတွေ့နေရပါသည်။ ပိုက်ဆံအရှာရခက်နေသည့် ဘဝနှင့် ကြုံနေရတတ်ပါသည်။ ထိုကိစ္စသည်လည်း ဤဗုဒ္ဓဗေဒနေ့သိပ္ပံ ငွေခေါ် ယတြာကို တစ်ပတ်

လျှင် သုံးကြိမ်(သို့)လေးကြိမ် လုပ်သွားရုံနှင့်ပင် ငွေရှာရခက်နေသည်မှ ပြေလည်သွားပေလိမ့်မည်။ ငွေ လွယ်လွယ်ကူကူ အရှာရလွယ်လာပါလိမ့်မည်။ အချို့ရှိပါသေးသည် ငွေကို လွယ်လွယ်ကူကူ ရှာဖွေ၍ လွယ်ကူပါသည်။ လွယ်လွယ်လေးနှင့် ဝင်ငွေကောင်းနေတတ်ပါသည်။ သို့သော်လည်း ထိုဝင်လာရလာသောငွေများ ပိုက်ဆံများသည် အဖတ်မတင်တော့ဘဲ ငွေထွက်ပေါက် ငွေယိုပေါက်များ ဖြစ်လာတတ်ပြီး မကြာခင် ရှာထားသောငွေများ ပိုက်ဆံများ ပျောက်ပျက် ကုန်ဆုံးရတော့၏။

ဤကိစ္စသည် ထိုသို့မဖြစ်စေရန်အတွက် ငွေပိုက်ဆံသည် အားပါးတရဝင်လာစေပြီး မိမိတို့လက်ထဲတွင် အချိန်ကြာကြာတည်တံ့ခိုင်မြဲနေစေပါလျှင် ယခုဆရာတော် ညွှန်ပြထားသည့်အတိုင်း ဣစ္စာသယနေသိဒ္ဓိငွေလာဘ်ခေါ် ယတြာများ

ပြုကြရမည့် နေ့များဖြစ်ကြသော. . .

(၁) တနင်္လာနေ့ နံနက်(၉)နာရီတစ်ကြိမ်

(၂) ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတစ်ကြိမ်

(၃) ကြာသပတေးနေ့ နံနက်(၉)နာရီတစ်ကြိမ်

(၄) သောကြာနေ့ နံနက်(၉)နာရီတစ်ကြိမ်

ထိုလေးနေ့ကိုသာ ငွေစုပါ။ ထိုလေးနေ့ကိုသာ ငွေအပ်ပါ။ ထိုလေးနေ့ကိုသာ ငွေများ ပိုက်ဆံများကို သိမ်းယူပါ။ ထိန်းသိမ်းပါ။ စုဆောင်းပါ။ သိုမှီးပါ။ ထိုလေးနေ့များတွင်သာ ဘဏ်မှာအပ်နှံပါ။ ငွေကိုစုပါ။ ထိုလေးနေ့တွင်သာ အကြွေးတောင်းငွေတောင်းပါ။ ပစ္စည်းတောင်း၊ အလုပ်တောင်း၊ လျှောက်လွှာတင်ပါ။ စာချုပ်ပါ၊ လက်မှတ်ထိုးပါ။ ထိုလေးနေ့တွင်သာ ငွေစုပါ။ ငွေကိုသိမ်းဆည်းပါ။ ငွေကိုထိန်းသိမ်းပါ။ မင်္ဂလာကိစ္စ၊ စေ့စပ်သောကိစ္စ၊ လက်ထပ်သောကိစ္စ၊ အိမ်တက်မင်္ဂလာ၊ ကျောင်းတက်မင်္ဂလာ စသည်များ

သည်လည်း ထိုပြထားသော လေးနေ့တွင်သာ ဆောင်ရွက်ရမည်ကို သတိပြုပါ။

မော်တော်ကား၊ အကောင်းဆုံးရလိုလျှင် ဝယ်လိုလျှင် မော်တော်ကား အန္တရာယ်ကင်းဝေးစေလိုပါလျှင် မော်တော်ကားသည် အတိုက်အခိုက်အမှုကိစ္စများကင်းစေပြီး မော်တော်ကားအတွက် စိတ်ချမ်းသာစေလိုပါလျှင် ယခုပြထားသော လေးနေ့ကိုသာ ကားကိုရှာပါ။ ကားကိုဝယ်ပါ။ ကားကိုငွေချေပါ။ မော်တော်ဆိုင်ကယ်ဝယ်ခြင်း၊ မြေကွက်ဝယ်ခြင်း၊ အိမ်ဝယ်ခြင်း၊ တိုက်ဝယ်ခြင်း၊ ရွှေဝယ်ခြင်း၊ ရတနာဝယ်ခြင်း ကိစ္စများတွင်လည်း ထာဝရစိတ်အေးရပြီး ထာဝရ အမှုကင်းဝေးရပြီး မိမိဝယ်သောအိမ်အတွက် တိုက်ခန်းအတွက် မြေကွက်အတွက် အမြဲတမ်း စိတ်ချမ်းသာမှု ရစေလိုပါလျှင် အပြစ်အနာအဆာ ကင်းဝေးစေလိုပါလျှင် ယခု ဆရာတော်ပြထားသော လေးနေ့များ

တွင်သာ ငွေချေပါ။ ထိုလေးနေ့တွင်သာ စာချုပ်ချုပ်ဆိုပါ။ ထိုလေးနေ့တွင်သာ ဝယ်ယူပါက မိမိဘဝတစ်သက်တာတွင် မိမိဝယ်ယူသော မြေကွက်အတွက် အိမ်ခြံ တိုက်ခန်းအတွက် မည်သည့်အခါမျှ စိတ်ဆင်းရဲသောကရောက်စရာ မရှိတော့ပေ။ ထိုလေးနေ့များသာ ဝယ်ယူမိသော မြေကွက်၊ အိမ်ခြံ၊ ကား၊ တိုက်ခန်း စသည်များသည် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံရ၏။ စိတ်ချမ်းသာမှုရရှိတော့၏။ အမှုပြဿနာကင်းဝေးသော အရှုပ်အထွေးမရှိသော အန္တရာယ်ကင်းဝေးပြီးဖြစ်သော မြေကွက်များ တိုက်၊ ခြံ၊ အိမ်၊ ကားများဖြစ်လာစေရတော့၏ဟု မှတ်ယူနိုင်ကြပါစေကုန်သတည်း။

ဤသို့သော ဂုဏ္ဍာသယ နေသိဒ္ဓိ ငွေလာဘ်ခေါ် ယတြာနည်းစနစ်ကို လက်ဆုပ်လက်ကိုင်ပြု၍ ညွှန်ပြထားသည့်အတိုင်း ဆောင်ရွက်ကြကုန်

သည်ဖြစ်၍ ကြီးပွားလာကြခြင်း၊ ချမ်းသာလာကြခြင်း၊ ပြည့်စုံလာကြခြင်း၊ တိုးတက်လာကြခြင်း၊ အောင်မြင်လာကြခြင်းနှင့် ပြည့်စုံလာခဲ့ပါလျှင် (စားလည်းစားပါ၊ လှူလည်းလှူပါ။ သာသနာလည်း ထောက်ပံ့ပါ သာသနာလည်းပြုပါ)ဟု ဆိုလိုပါသည်။

သို့မှသာလျှင် အတိတ် ပစ္စုပ္ပန် အနာဂတ်ကာလများတွင် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့၏ဘဝသည် ပီပြင်လှပနိုင်ပေလိမ့်မည်။ သူတော်ကောင်းတို့ အရိယာပုဂ္ဂိုလ်များ ချီးမွမ်းထောမနာပြုကြပေလိမ့်မည်။ ပစ္စည်းဥစ္စာ ရွှေငွေဟူသည်မှာ သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေးဖြစ်တတ်ပါသည်။ ပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေငွေများကြောင့် ထောင်ကျခြင်း၊ အချုပ်ကျခြင်း၊ အမှုတက်ခြင်း၊ အသက်တိုတတ်ခြင်း၊ သေသည်၏အခြားမဲ့မှာ ငရဲသို့ကျရောက်တတ်ခြင်း ရှိတတ်

ပါသည်။ မိမိတို့၏ဘဝတွင် ပစ္စည်းဥစ္စာ ရတနာ ရွှေငွေများသည် တစ်ဘဝစံအတွက်သာ ဖြစ်ပါသည်။ သေဆုံးသည့်အခါ မည်သည့် ပုဂ္ဂိုလ်မှ လာမည့်ဘဝ အနာဂတ်သို့ သယ်သွားခြင်း မပြုနိုင်ကြပေ။

ထို့ကြောင့် မသုံးတတ်လျှင် ဘေး၊ သုံးတတ်လျှင် ဆေးဟု မှတ်ယူသင့်လှ၏။

ထို့ကြောင့် မိမိတို့၏ဘဝသည် ဆင်းရဲသော ဘဝမှ ကြီးပွားချမ်းသာသော ဘဝမျိုးရရှိလာသည်နှင့်အမျှ ထိုဥစ္စာပစ္စည်း ရတနာရွှေငွေများဖြင့် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ထီးတင်လှူခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ပရိယတ္တိစာသင်ကျောင်းများ၊ ကမ္မဋ္ဌာန်းရိပ်သာများအား စွန့်ကြဲလှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှု သာသနာပြုခြင်းကို ဆောင်ရွက်ကြပါလျှင် လူသာစုခေါ် နတ်သာစုခေါ် ဘဝသံသရာအတွက်

ကောင်းမြတ်သော ကုသိုလ်တရားကို ရရှိခံစားလာနိုင်သော သာသနာပြုပုဂ္ဂိုလ် ကောန်အမှန်ဖြစ်နိုင်ကြပါစေကုန်သတည်း။ ။

(လ)

ဝေပုလ္လာရာမဆရာတော်

ဤဣဋ္ဌာသယဓနသိဒ္ဓိငွေခေါ်ငွေလာယတြာနည်းသည်
နည်းများ...အရ ငွေသည် တနလ်ာန်၊ ကျန်းမာရေးသည် တနလ်ာန်
ကြီးပွားမှုသည် တနလ်ာန်၊ ကျော်ကြားမှုကျော်စောမှုသည် တနလ်ာန်၊ စိတ်ချမ်းသာမှု
ကိုယ်ချမ်းသာမှုဖြစ်သော ချမ်းသာမှုသည် တနလ်ာန်၊ စက်ဘီးဆိုင်ကယ်
စသည့် တနလ်ာန်၊ မော်တော်ကား၊ ကုန်ကား၊ ဆလွန်းကားစသော မော်တော်ကားမှန်သမျှသည်လည်း
တနလ်ာန်တို့ဖြစ်နေခြင်းကြောင့် ဤဣဋ္ဌာသယဓနသိဒ္ဓိငွေခေါ်ငွေလာယတြာတစ်မျိုးတည်းကိုပင်
တစ်ပတ်လျှင် အနည်းဆုံး(၃)ကြိမ်နှုန်းဖြင့် မှန်မှန်ဆောင်ရွက်ပေးခြင်းဖြင့်
မိမိတို့ဘဝသာယာလာခြင်း၊ မိမိတို့ဘဝပြည့်စုံလာခြင်း၊ မိမိတို့ဘဝသာယာချမ်းမြေ့၍
ပျော်ရွှင်လာတတ်ခြင်း၊ မိမိတို့၏လုပ်နေမှုအဆင့်အတန်းများမြင့်မားလာစေပါလိမ့်မည်ဟု
မှတ်သားထားကြပါလေ။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တဝေပုလ္လ

ဆရာတော်ကြီး ရေးသားချီးမြှင့်တော်မူသည့်

## ဣဋ္ဌာသယဓနသိဒ္ဓိ

# ငွေလာဘ်ခေါ်ယတြာအစီအရင်

GRAPHIC DESIGN : NYEIN CHAN THA(2008)